# ဓမ္မနီတိ ဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ် ရေးထိုးစေရေးကိစ္စ။
## ညွှန်ကြားလွှာအမှတ် (၅၅)
## (-၄၊ ၄၊ ၄၅)
## (၂၈၊ ၇၊ ၈၃)

၁။ ဓမ္မနီတိ ဝါဒသည် ထေရဝါဒပိဋကတ်တော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသဖြင့် "အဓမ္မဝါဒဖြစ် သည်" ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆) က ဆုံးဖြတ်ခဲ့ရာ ဆုံးဖြတ်ချက်ကို လိုက်နာ သောအားဖြင့် ၎င်းဝါဒကိုဦးဆောင်သော ဦးပညာဝံသ (ဓမ္မနီတိ ဆရာတော်) သည် နိုင်ငံတော် သံဃမ ဟာနာယကအဖွဲ့၏ရှေ့မှောက်၌ မိမိ၏ဝါဒကို အဓမ္မဝါဒအဖြစ် ကြေညာလျက် စွန့်လွှတ်ပါကြောင်း ကိုယ် တိုင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း၌ ဓမ္မနီတိဝါဒ၌ သက်ဝင်ယုံ ကြည်ကြသော ရဟန်းသာမဏေများနှင့် လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယက အ ဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြ မည်ဖြစ်ပါကြောင်း ကိုယ်တိုင် ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရေးအတွက် ထိုပုဂ္ဂိုလ်များအား ဩဝါဒပေးတော်မူကြရန် ညွှန် ကြားလိုက်ပါသည်-

(က) ဓမ္မနီတိဝါဒကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆) က ထေရဝါဒပိဋ ကတ်တော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒများကိုဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိပ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်ပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) ဓမ္မနီတိ၏တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ၊ တိပ်ခွေများ၊ အထိမ်းအမှတ် ပစ္စည်းများ စသည် တို့ကို မိမိတို့၏ မြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံကြမည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထိုအဓမ္မဝါဒနှင့်ပတ်သက်၍ သုံးစွဲခဲ့သော အဖွဲ့အမည်နှင့် အသင်းအဖွဲ့စသည်တို့ကိုလည်း လုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည်ဖြစ်ပါကြောင်း။

**မှတ်ချက်။ ။** (၁) ဆိုင်ရာ အဓမ္မဝါဒီပုဂ္ဂိုလ်များအား အထက်ပါအတိုင်းလိုက်နာဆောင်ရွက်ကြမည်ဖြစ် ပါကြောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေအထောက်အထား မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများမဟုတ်ကြပါ" ဟု ငြင်းဆိုနေပါက "ထိုဝါဒ၌ သက်ဝင်ယုံ ကြည်သူ မဟုတ်ကြောင်း" လက်မှတ်ရေးထိုးစေရမည်။ သို့သော် မူလကပင် ဓမ္မနီတိဝါဒ၌ သက်ဝင် ယုံကြည်သူအဖြစ်

စာရွက်စာတမ်းသက်သေအထောက်အထားအရ ထင်ရှားပါလျက် လက်မှတ် ထိုးမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ် ရေးထိုးစေရ မည်သာဖြစ်သည်။

(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၃။ မိမိတို့မြို့နယ်အတွင်း၌ ဓမ္မနီတိဝါဒ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းရှင် လူ တို့ရှိနေကြပါက ဤညွှန်ကြားလွှာအတိုင်းဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယက အဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တကုမာရ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
အကျိုးတော်ဆောင်ဆရာတော်